Burmese | မြန်မာ

# ၂၀၂၆ ခုနှစ်အတွက် မူလတန်းကျောင်းအပ်ခြင်း



ကျောင်းစတက်ခြင်းသည် ကလေးများ၊ မိဘများနှင့် အုပ်ထိန်းသူများအတွက် စိတ်လှုပ်ရှားရသောအချိန် ဖြစ်ပါသည်။ ကျောင်းအပ်ရာတွင် သင့်အတွက် တတ်နိုင်သရွေ့အလွယ်ကူဆုံးဖြစ်စေရန် ကူညီလိုပါသည်။ *ပညာရေးနှင့်လေ့ကျင့်ရေးမူသစ်ဥပဒေ ၂၀၀၆ (Education and Training Reform Act 2006)*အရ ဗစ်တိုးရီးယားတွင် သင့်ကလေးသည် ရပ်ကွက်တွင်းရှိ သတ်မှတ်ပေးထားသည့်ကျောင်း(သင်၏ 'ရပ်ကွက်ကျောင်း')ကို တက်ရောက်နိုင်ခွင့် ရှိပါသည်။ သင့်ရပ်ကွက်ကျောင်းမဟုတ်သည့်ကျောင်းတွင်အပ်နှံရန်လည်း လျှောက်ထားနိုင်ပါသည်။ ထိုကျောင်းမှ သင့်လျှောက်လွှာကို ကျောင်းအတန်းနေရာချပေးခြင်းဆိုင်ရာ မူဝါဒ (Placement Policy) နှင့်အညီ စဉ်းစားပါမည်။ ကျောင်းအတန်းနေရာချပေးခြင်းဆိုင်ရာ မူဝါဒအကြောင်းပိုမိုသိရှိရန် (Enrolling in school) စာမျက်နှာတွင် ကြည့်ပါ။

### ဖေါင်ဒေးရှင်းအတန်း (မူကြို) [Foundation (Prep)] အတွက် ပြည်နယ်တွင်း အချိန်အစီအစဉ်အသစ်

မူလတန်းကျောင်း ပထမနှစ်ကို ဖေါင်ဒေးရှင်းအတန်း (Foundation) သို့မဟုတ် မူကြို(Prep) ဟု ခေါ်ပါသည်။ ဗစ်တိုးရီးယားရှိအစိုးရမူလတန်းကျောင်းများအတွက် ဖေါင်ဒေးရှင်းအတန်းအပ်နှံရမည့် အချိန်အစီအစဉ်ကို ထုတ်ပြန်ထားပါသည် (စာမျက်နှာ ၄ တွင် ကြည့်ပါ)။ ၂၀၂၆ခု ပညာသင်နှစ် ဖေါင်ဒေးရှင်းအတန်းအတွက် သင့်ကလေးအား ကျောင်းအပ်ရမည့်အချိန်နှင့် ကျောင်းအပ်ပုံကို နားလည်စေရန် ဤအချိန်အစီအစဉ်က ရည်ရွယ်ထားသည်။

### မည်သည့်အချိန်တွင် မိမိကလေးကို မူလတန်းကျောင်းပထမနှစ်အတွက် ကျောင်းအပ်နှံရမည်နည်း။

သင့်ကလေးသည် ကျောင်းစနေမည့်နှစ် ဧပြီလ ၃၀ ရက်နေ့တွင် အသက် ၅ နှစ် ပြည့်ရမည်။ ကျောင်းတက်ခြင်းသည် အသက် ၆ နှစ်ပြည့်ကလေးများအတွက် မတက်မနေရ ဖြစ်သည်။ ၂၀၂၆ ပညာသင်နှစ်အတွက် သင့်ကလေးအား ဗစ်တိုးရီးယားအစိုးရမူလတန်းကျောင်းတွင် ကျောင်းအပ်ရန်လျှောက်လွှာကို ထိုကျောင်းသို့ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းပါ။

### မိမိကလေးအား မူလတန်းကျောင်းပထမနှစ်အတွက် မည်သို့ ကျောင်းအပ်နှံရမည်နည်း။

မူလတန်းကျောင်းပထမနှစ်အတွက် ကျောင်းအပ်နှံရန် အောက်ပါအတိုင်း လိုက်နာပါ-

1. ကျောင်းရှာရန် (Find my School) ဝက်ဘ်ဆိုက်မှ သင့်ရပ်ကွက်ကျောင်းကို ရှာပါ (အောက်တွင် ကြည့်ပါ)။
2. ကျောင်းလေ့လာရေးစီစဉ်ရန် သို့မဟုတ် ကျောင်းအကြောင်းနှင့် ကျောင်းအပ်နှံပုံကိုသိရှိရန်အတွက် အစိုးရမူလတန်းကျောင်းကို ဆက်သွယ်ပါ။
3. Enrolling in Foundation (Prep) ဝက်ဘ်ဆိုက်မှ ဖေါင်ဒေးရှင်းအတန်း (မူကြို) ကျောင်းအပ်နှံခြင်းစာတွဲများကို ဒေါင်းလုဒ် ဆွဲယူပါ။ အဆိုပါစာတွဲကို အင်္ဂါနေ့၊ ၂၀၂၅ ခုနှစ် ဧပြီလ ၂၂ ရက်နေ့ နောက်ဆုံးထား၍ ရရှိနိုင်ပြီး၊ လျှောက်လွှာပုံစံလည်း ပါဝင်ပါသည်။ ကျောင်းက သင်ဖြည့်စွက်နိုင်ရန် လျှောက်လွှာမိတ္တူတစ်စောင်ကိုလည်း ပေးနိုင်ပါသည်။
4. ဖေါင်ဒေးရှင်းအတန်းကျောင်းအပ်လျှောက်လွှာကို **သောကြာနေ့၊ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၅ ရက်နောက်ဆုံးထား၍**တင်သွင်းပါ။
5. သင့်လျှောက်လွှာအတွက်အဖြေကို **တနင်္လာနေ့၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်နှင့် သောကြာနေ့၂၀၂၅ ခုနှစ် ဩဂုတ်လ ၈ ရက်အကြား အကြောင်းကြားပါမည်**။ ကျောင်းအပ်နိုင်ကြောင်းကို သင်ရရှိပါက၊ သင့်အနေဖြင့် **သောကြာနေ့၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၂ ရက် နောက်ဆုံးထား၍** လက်ခံသင့်သည်။
6. **၂၀၂၅ ခုနှစ် စာသင်နှစ်စတုတ္ထသုံးလပတ်အတွင်း** ကျောင်းအပ်ခြင်းအကြောင်းဟောပြောပွဲနှင့် ကျောင်းတက်ချိန်ကနဦးကာလအကြောင်းဟောပြောပွဲကို တက်ရောက်ပါ။
7. သင့်ကလေးသည် ဖေါင်ဒေးရှင်းအတန်းကို **ဗုဒ္ဓဟူးနေ့၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်မှစ၍** တက်ရောက်ရပါမည်။

## မိမိရပ်ကွက်ကျောင်းကို မည်သို့ရှာရမည်နည်း။

ကျောင်းရှာရန် (Find my School) ဝက်ဘ်ဆိုက်တွင် သင့်ရပ်ကွက်ကျောင်းကို အောက်ပါအတိုင်း ရှာပါ-

1. သင့်အင်တာနက်တွင် findmyschool.vic.gov.auကို ရိုက်ထည့်ပါ။
2. သင့် အမြဲနေထိုင်သည့်လိပ်စာကို 'Enter your address to get started' အောက်တွင် ရိုက်ထည့်ပါ။
3. 'Enrolment year' အောက်ရှိ ၂၀၂၆ ကို ရွေးပါ။ **မှတ်ချက်-** ၂၀၂၆နှစ် ကျောင်းဇုန်နယ်မြေကို ၂၀၂၅ စာသင်နှစ် ပထမသုံးလပတ်တွင် ရရှိနိုင်ပါမည်။
4. 'School type' အောက်တွင် မူလတန်းကျောင်း (Primary)ကို ရွေးပါ။

ထို့နောက် မြေပုံတွင် သင့်လိပ်စာ၊ သင့် ရပ်ကွက်ကျောင်းနှင့် လက်ဝဲဘက်အခြမ်းရှိ ကျောင်းသို့ဆက်သွယ်ရန်အသေးစိတ်များ ပြသထားပါမည်။
အောက်ကို ဆက်ကြည့်လျှင် သင့်အိမ်နှင့်အနီးဆုံး ငါးကျောင်းကိုလည်း ပြသပါမည်။
'Search for school' အောက်တွင် ကျောင်းအမည်သုံး၍လည်း ရှာနိုင်ပါသည်။

## မိမိကလေးကို ရပ်ကွက်ကျောင်း မဟုတ်သော အစိုးရမူလတန်းကျောင်းတစ်ကျောင်းတွင်အပ်နှံရန် လျှောက်ထားနိုင်ပါသလား။

လျှောက်နိုင်ပါသည်၊ သင့်ရပ်ကွက်ကျောင်းမဟုတ်သည့်ကျောင်းများတွင် သင် လျှောက်ထားနိုင်ပါသည်။ ထိုကျောင်းမှ သင့်လျှောက်လွှာကို ကျောင်းအတန်းနေရာချပေးခြင်းဆိုင်ရာ မူဝါဒ (Placement Policy) နှင့်အညီ စဉ်းစားပါမည်။ Enrolling in school စာမျက်နှာတွင် ကျောင်းလျှောက်လွှာများကို မည်သို့ဦးစားပေးဆုံးဖြတ်ကြောင်းကို သင်တွေ့ရှိနိုင်သည်။

## အကယ်၍ မိမိ၏ ကျောင်းလျှောက်လွှာလက်မခံကြောင်းအကြောင်းစာရရှိပါက ဘာဖြစ်မည်နည်း။

သင့်ကလေးကို အခြားကျောင်းတစ်ကျောင်းတွင် ကျောင်းအပ်ရန် လျှောက်ထားသင့်သည်။ သင့်ကလေး ရပ်ကွက်ကျောင်းတွင် ကျောင်းတက်နိုင်ရန် အာမခံပါသည်။ သင့်ကလေး၏ ရပ်ကွက်ကျောင်းသည် အမြဲနေထိုင်သည့်လိပ်စာကို အခြေခံ၍ ဆုံးဖြတ်ထားပါသည်။ Find my Schoolတွင် သင့်ကလေး၏ရပ်ကွက်ကျောင်းကို ရှာဖွေပါ။ Enrolling in school ဝက်ဘ်စာမျက်နှာမှ ကျောင်းအပ်ရန်အတွက် သင့်ကလေး၏ နေရပ်လိပ်စာကို အတည်ပြုပေးနိုင်ပါသည်။
ထိုဆုံးဖြတ်ချက်ကို အသနားခံစာ တင်နိုင်ပါသည်။ Enrolling in Foundation (Prep) ဝက်ဘ်စာမျက်နှာတွင် ကျောင်းလျှောက်လွှာအဖြေအား အသနားခံစာတင်ရန်ဖြစ်စဉ်နှင့်ပတ်သက်၍ ထုတ်ပြန်ချက်များ ရှိပါသည်။

## အကယ်၍ ကျောင်းအပ်ကာလ ကျော်လွန်သွားပါက ဘာဖြစ်မည်နည်း။

၂၀၂၆ ခုပညာသင်နှစ်အတွက် ဖေါင်ဒေးရှင်းအတန်းသို့ သင့်ကလေးအား ကျောင်းအပ်ရန် ၂၀၂၅ ခု ကျောင်းဒုတိယ သုံးလပတ် မှစ၍ အချိန်မရွေး လျှောက်ထားနိုင်သည်။
ကျောင်းလျှောက်လွှာကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၅ ရက်နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်သော်လည်း၊
ကျောင်းအပ်မည့်အချိန်ကျော်လွန်သွားသောမိသားစုများ၊ ဗစ်တိုးရီးယားသို့ အပြီးပြောင်းရွှေ့လာသည့် မိသားစုများ သို့မဟုတ် ဗစ်တိုးရီးယားသို့ အသစ်ရောက်ရှိလာသော မိသားစုများထံမှ ထိုနေ့နောက်ပိုင်း တင်သွင်းသည့်လျှောက်လွှာများကို ဆက်လက်လက်ခံပါမည်။
၂၀၂၅ ခု ဇူလိုင်လ ၂၅ ရက်နောက်ပိုင်းတင်သွင်းသည့် ကျောင်းလျှောက်လွှာများကို လက်ခံရရှိသည့်အတိုင်း ထိုကျောင်းက ပညာရေးဌာန၏ ကျောင်းအတန်းနေရာချပေးခြင်းဆိုင်ရာ မူဝါဒနှင့်အညီ စိစစ်ပါမည်။

## မူလတန်းကျောင်အပ်နှံခြင်းနှင့်ပတ်သက်၍ နောက်ထပ် ထုတ်ပြန်ချက်များကို မည်သည့်နေရာမှ ရရှိနိုင်ပါသလဲ။

ဖေါင်ဒေးရှင်းအတန်းအပ်ခြင်းနှင့်ပတ်သက်၍ နောက်ထပ်ထုတ်ပြန်ချက်များကို သင်၏ ရပ်ကွက်မူလတန်းကျောင်းကို မေးမြန်းနိုင်ပါသည်။
၂၀၂၅ ခု စာသင်နှစ် ကျောင်းဒုတိယသုံးလပတ် အစဦးပိုင်းတွင် ဖေါင်ဒေးရှင်းအတန်း ကျောင်းအပ်ခြင်းနှင့်ပတ်သက်သည့် ထုတ်ပြန်ချက် စာတွဲကို Enrolling in Foundation (Prep) စာမျက်နှာတွင်လည်း တွေ့ရှိနိုင်ပါသည်။
အကယ်၍ ထုတ်ပြန်ချက် စာတွဲကို ဘာသာပြန်ပေးရန် အကူအညီ လိုအပ်ပါက သင့်ရပ်ကွက် မူလတန်းကျောင်းနှင့် ဆွေးနွေးပါ။

## အကူအညီရရန် မည်သူအား ဆက်သွယ်ရမည်နည်း။

ကျောင်းအပ်နှံခြင်းအကြောင်းမေးခွန်းများကို သင်လျှောက်ထားလိုသည့် မူလတန်းကျောင်းမှ ကျောင်းတက်ချိန်ကနဦးကာလညှိနှိုင်းရေးမှူး၊ ကျောင်းလက်ခံရေးတာဝန်ခံ သို့မဟုတ် ကျောင်းအုပ်ကြီးက ဖြေကြားပေးနိုင်ပါသည်။

## အသုံးဝင်သော အချိတ်အဆက်လင့်ခ်များ

သင့်ကလေး မူလတန်းကျောင်းစနေစဉ် အထောက်အကူပြုအသုံးဝင်နိုင်သော အချိတ်အဆက်လင့်ခ်အချို့ အောက်တွင် ရှိပါသည်။

ကျောင်းရှာရန် – findmyschool.vic.gov.au

ကျောင်းဇုန်နယ်မြေများနှင့်ပတ်သက်သည့် အကြောင်း –vic.gov.au/school-zones

ဖေါင်ဒေးရှင်းအတန်း ကျောင်းအပ်နှံခြင်း– vic.gov.au/enrolling-foundation-prep

ကျောင်းအပ်နှံခြင်း – vic.gov.au/how-choose-school-and-enrol

မသန်စွမ်းသူနှင့်လူတိုင်း သင်ကြားနိုင်သည့် ပညာရေး – vic.gov.au/disability-and-inclusive-education

ဒေသခံ ရုံး အဆက်အသွယ်များ– vic.gov.au/office-locations-department-education

# ၂၀၂၅-၂၆ ခုနှစ်အတွက် အချိန်အစီအစဉ်

| ၂၀၂၅ ခုအတွက် ရက်စွဲများ | လုပ်ဆောင်ရမည့်အရာ |
|---|---|
| **စာသင်နှစ် ကျောင်းဒုတိယသုံးလပတ်- အင်္ဂါနေ့ ၂၀၂၅ ခုနှစ် ဧပြီလ ၂၂ ရက်- သောကြာနေ့ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၄ ရက်** | |
| **စာသင်နှစ် ၂၀၂၅ ခု ကျောင်းပထမနှင့် ဒုတိယ သုံးလပတ်** | မူလတန်းကျောင်းများသည် ၂၀၂၆ ခုနှစ်တွင် ဖေါင်ဒေးရှင်းအတန်း (မူကြို) ကျောင်းအပ်မည့် ကလေးမိသားစုများအတွက် ကျောင်းတွင်း လှည့်လည်ကြည့်ရှုခြင်းများ၊ သတင်းဟောပြောပွဲများနှင့် အခြားသောလှုပ်ရှားဆောင်ရွက်မှုများကို ကျင်းပပေးသည်။ |
| **၂၀၂၅ ခု စာသင်နှစ် ကျောင်းဒုတိယသုံးလပတ် မစတင်မီ** | ၂၀၂၆ ခု စာသင်နှစ်အတွက် ကျောင်းဇုန်နယ်မြေကို [findmyschool.vic.gov.au](findmyschool.vic.gov.au) ဝက်ဘ်ဆိုက်တွင် ရုပ်သံဗီဒီယိုဖြင့် ပြသထားပါသည်။<br>မိဘများနှင့် စောင့်ရှောက်သူများအနေဖြင့် ၂၀၂၆ ခုနှစ်အတွက် သတ်မှတ်ပေးထားသည့် ရပ်ကွက်တွင်းရှိကျောင်း (ရပ်ကွက်ကျောင်း)ကိုရှာရန် [findmyschool.vic.gov.au](findmyschool.vic.gov.au) ဝက်ဘ်ဆိုက်တွင် ကြည့်ရှုသင့်သည်။<br>မိဘများ/စောင့်ရှောက်သူများအတွက် ကျောင်းအပ်နှံခြင်းအကြောင်းစာတွဲကို Enrolling in Foundation (Prep) တွင် ဒေါင်းလုဒ်ဆွဲယူနိုင်ပါသည်။ |
| **၂၀၂၅ ခု စာသင်နှစ် ကျောင်းဒုတိယသုံးလပတ်၏ ပထမပတ်မှစ၍** | မူလတန်းကျောင်းများသည် ကျောင်းအပ်မည့် မိသားစုများသို့အပြင် ရပ်ကွက်တွင်းနေထိုင်သူများသို့ ကျောင်းအပ်နှံခြင်းထုတ်ပြန်ချက်စာတွဲများကို ဖြန့်ဝေပေးနိုင်ပါသည်။ |
| **၂၀၂၅ ခု စာသင်နှစ် ကျောင်းဒုတိယသုံးလပတ်၏ ပထမပတ်မှစ၍** | **ကျောင်းအပ်လျှောက်လွှာများ လျှောက်ထားနိုင်ပြီ**– မိဘများ/စောင့်ရှောက်သူများသည် ဤနေ့ရက်မှစ၍ အစိုးရ မူလတန်းကျောင်းသို့ မိမိတို့၏ ဖြည့်ပြီးသား ကျောင်းအပ်လျှောက်လွှာကို တင်သွင်းနိုင်သည်။ |
| **ကျောင်းတတိယသုံးလပတ်- တနင်္လာနေ့ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့- သောကြာနေ့ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့** | |
| **သောကြာနေ့ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့ နောက်ဆုံးထား၍** | **ကျောင်းအပ်လျှောက်လွှာများကို နောက်ဆုံး တင်သွင်းရမည့်ရက်** – မိဘများ/စောင့်ရှောက်သူများသည် ထိုရက်နောက်ဆုံးထား၍ အစိုးရမူလတန်းကျောင်းသို့ ဖြည့်စွက်ထားသည့် ကျောင်းလျှောက်လွှာများကို တင်သွင်းပါ။ |
| **တနင်္လာနေ့ ၂၀၂၅ ခုနှစ်ဇူလိုင်လ ၂၈ ရက်နှင့် သောကြာနေ့ ဩဂုတ်လ ၈ ရက်အကြား** | မူလတန်းကျောင်းများသည် မိဘများ/စောင့်ရှောက်သူသူများအား ဖေါင်ဒေးရှင်းအတန်း (မူကြို) ကျောင်းလျှောက်အဖြေကို ပညာရေးဌာန၏ ကျောင်းအတန်းနေရာချပေးခြင်းဆိုင်ရာ မူဝါဒ (Placement Policy) အရ စာဖြင့် အကြောင်းကြားပါမည်။ ထိုစာသည် ကျောင်းအပ်ရန် ဖိတ်ခေါ်စာ၊ ကျောင်းအပ်ခြင်းကိုအတည်ပြုစာ သို့မဟုတ် ငြင်းပယ်စာ ဖြစ်နိုင်ပါသည်။<br>ကျောင်းအပ်ရန် ငြင်းပယ်စာရရှိသည့် မိဘများနှင့် စောင့်ရှောက်သူများသည် ထိုမူလတန်းကျောင်းသို့ အသနားခံစာကို စာဖြင့် ရေးသားတင်သွင်းနိုင်သည်။ |
| **သောကြာနေ့ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၂ ရက်နောက်ဆုံးထား၍** | ကျောင်းအပ်ရန် ဖိတ်ခေါ်စာရရှိသည့် မိဘများ/စောင့်ရှောက်သူများသည် ဤရက်နောက်ဆုံးထား၍ မိမိကလေး၏ အတန်းကိုလက်ခံကြောင်း အကြောင်းကြားရမည်။ |
| **သောကြာနေ့ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၂ ရက်နောက်ဆုံးထား၍** | မိဘများနှင့် စောင့်ရှောက်သူများက မူလတန်းကျောင်းသို့အသနားခံစာကို စာဖြင့် တင်သွင်းရမည့် **နောက်ဆုံးရက်**။ |
| **သောကြာနေ့ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၅ ရက် နောက်ဆုံးထား၍** | မူလတန်းကျောင်းများသည် မိဘများ/စောင့်ရှောက်သူများသို့ ၎င်းတို့၏ အသနားခံစာ၏အဖြေကို ဤရက်နောက်ဆုံးထား၍ အကြောင်းကြားပေးပါမည်။ |
| **သောကြာနေ့ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၉ ရက် နောက်ဆုံးထား၍** | မူလတန်းကျောင်းသို့ အသနားခံစာတင်သွင်းမှု မအောင်မြင်သည့် မိဘများ/စောင့်ရှောက်သူများက သက်ဆိုင်ရာ ဒေသညွှန်ကြားရေးမှူးထံ အသနားခံစာကို စာဖြင့်တင်သွင်းရမည့် **နောက်ဆုံးရက်**။ |
| **စာသင်နှစ် စတုတ္ထသုံးလပတ်- တနင်္လာနေ့ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၆ ရက်- သောကြာနေ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်** | |
| **၂၀၂၅ခု စာသင်နှစ် ကျောင်းစတုတ္ထ သုံးလပတ်အတွင်း** | မူလတန်းကျောင်းများသည် ကျောင်းတက်ချိန်ကနဦးကာလဟောပြောပွဲများကို ကျင်းပပေးသည်။ |
| **သောကြာနေ့ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နောက်ဆုံးထား၍** | ဒေသဆိုင်ရာရုံးများသည် မိဘများနှင့် စောင့်ရှောက်သူများအားလုံးအား ဒေသညွှန်ကြားရေးမှူးထံ တင်သွင်းသည့် အသနားခံစာ အဖြေကို ဤရက်နောက်ဆုံးထား၍ စာဖြင့် အကြောင်းကြားပေးသည်။ လျှောက်လွှာပိတ်သည့်ရက်ဖြစ်သည့် သောကြာနေ့ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၉ ရက် နောက်ဆုံးထား၍ လက်ခံရရှိသော အသနားခံစာများအတွက်သာ သက်ဆိုင်သည်။ |